ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး
**ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့**
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

ကြေငြာချက်

၂၀၁၅ ခုနှစ် ဩဂုတ်လ (၁၀) ရက်၊ တနင်္လာနေ့

People's Alliance for Credible Elections (PACE) သည်ရန်ကုန်မြို့တွင်အခြေစိုက်သည့် ဘက်မလိုက်သော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းတစ်ဖွဲ့ ဖြစ်ပါသည်။ အဓိကအားဖြင့် ရွေးကောက်ပွဲဖြစ်စဉ်ကြီးတစ်ခုလုံးကို စနစ်တကျလေ့လာပြီး စောင့်ကြည့်လေ့လာရေး၊ အသိပညာပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

PACE သည် နိုင်ငံပေါင်း (၇၅) နိုင်ငံမှ ဘက်မလိုက်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းပေါင်း (၁၆၀) က သဘောတူလက်မှတ်ရေးထိုးထားသည့် "ဘက်မလိုက်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လိုက်နာရမည့်ကမ္ဘာလုံးဆိုင်ရာကြေငြာစာတန်း (Declaration of Global Principles For Non-partisan Observation and Monitoring by Citizen Organizations)" ကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုး ခဲ့ပါသည်။ သို့ဖြစ်ပါ၍ PACE အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ ရေးကို ဆောင်ရွက်ရာတွင် အစိုးရ အပါအဝင် မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း တစ်ခုကိုမှ ဘက်မလိုက်ပဲစောင့်ကြည့်လေ့လာ သွားမည်ဖြစ်သည်။

**စောင့်ကြည့်လေ့လာမည့် ဖြစ်စဉ်**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲများနှင့် ပတ်သက်၍ PACE အနေဖြင့်ရွေးကောက်ပွဲအကြိုကာလတွင် (က) တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း ကြေငြာပြသမှု နှင့် ၊ (ခ) မဲဆွယ်စည်းရုံးမှုများကို စောင့်ကြည့်လေ့လာခြင်း ပြုလုပ်သွားမည်ဖြစ်သည်။ ထို့နောက် ရွေးကောက်ပွဲနေ့ကို စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲအကြိုကာလစောင့်ကြည့်လေ့လာရေးတွင် ကာလရှည်စောင့်ကြည့်သူ (၁၁၀) ကျော်ဖြင့် မြို့နယ် (၁၁၀) ကျော်တွင် စောင့်ကြည့်လေ့လာမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့တွင် ကာလတိုစောင့်ကြည့်လေ့လာသူ (၂၀၀၀) ကျော်ဖြင့် တစ်နိုင်ငံလုံးတွင် စောင့်ကြည့်လေ့လာသွား မည်ဖြစ်သည်။

**စောင့်ကြည့်လေ့လာပုံနည်းစနစ်**

ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာရေးနည်းစနစ်နှင့် ပတ်သက်၍ PACE အနေဖြင့် နိုင်ငံပေါင်း (၅၀) ကျော်က အသုံးပြုခဲ့ပြီးဖြစ်သည့် "Systematic Observation (နည်းစနစ်ဖြင့် စောင့်ကြည့်လေ့လာခြင်း)" နည်းကို အသုံးပြုကာစောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

စောင့်ကြည့်လေ့လာမှုကို တရားဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ PACE၏ စောင့်ကြည့်လေ့လာသူအားလုံးအတွက် အသိအမှတ်ပြုလွှာနှင့် သက်သေခံကဒ်ပြား လျှောက်ထားခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**အဖွဲ့အစည်းနောက်ခံအကျဉ်း**

People's Alliance for Credible Elections (PACE) ကို ပြည်တွင်းအရပ်ဘက်လူ့အဖွဲ့အစည်း (၃) ဖွဲ့ဖြစ်သည့် (၁) လောကအလင်းလူမှုဖွံ့ဖြိုးရေးကွန်ရက် (၂) ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျု (၃) ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းတို့မှ မဟာမိတ်အဖွဲ့အစည်းအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်ပြီး ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး နှင့် နိုင်ငံရေးအရကြားနေမှုအလို့ငှာ အဖွဲ့ဝင် (၃)ဖွဲ့နှင့် ပတ်သက်မှုမရှိတော့ဘဲ သီးခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ခု ဖြစ်ဆက်လက်ပြီး ရပ်တည်ခဲ့ ပါသည်။

အဓိကရည်ရွယ်ချက်မှာ ရေတိုအနေဖြင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နှင့် ရေရှည်အားဖြင့် ရွေးကောက်ပွဲဖြစ်စဉ်ကိုအာရုံစိုက်လေ့လာပြီး ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့နီတိသင်တန်းများပို့ချရေး စသည်တို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

**ရည်မှန်းချက်**

ရွေးကောက်ပွဲဖြစ်စဉ်ကို

(၁) စောင့်ကြည့်လေ့လာခြင်း

(၂) ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများ ပြုပြင်ပြောင်းလဲရေး

(၃) လူထုအသိပညာမြင့်မားရေး စသည်တို့ကိုဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာလာရန်၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်နှင့် အရွေးကောက်ခံပိုင်ခွင့်တို့ကို အကာအကွယ်ပေး မြှင့်တင်ရန်